# အားပြင်းသည့်မြားတစ်စင်း (သို့မဟုတ်) မြစိမ်းရောင်

**နိုမီကို (နည်းပညာ)**

ယခုအခါ မြစိမ်းရောင်ဆိုသည်နှင့် ကျေးလက်နေပြည်သူအတော်များများ သိကြသည်က များပါသည်။ (၂၀၁၄- ၂၀၁၅) ဘဏ္ဍာရေးနှစ်တွင်မှ စတင်ဆောင်ရွက်ခဲ့သော်ငြား ထိချက်ပြင်းပြင်းဖြင့် ပစ်မှတ်ကို တည့်တည့်ချိန်ပစ်နိုင်သည့် မြားတစ်စင်းအလား လိုရာအရောက် ခရီးပေါက်ခဲ့သည့် မြစိမ်းရောင်၊ ကျေးလက်နေပြည်သူများအတွက် အထောက်အပံ့ကောင်းတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည့် မြစိမ်းရောင်၊ သည်စီမံကိန်း၏ ခရီးပေါက်မှု၊ တာသွားမှုကို ယနေ့အချိန်တွင် မျက်ဝါးထင်ထင် တွေ့မြင် နေရပြီဖြစ်ပါသည်။




Oxfam Novib နှင့် စိမ်းလန်းအမိမြေ (Eco Dev) ဦးဆောင်သည့် အရပ်ဖက်အဖွဲ့အစည်း (၆) ဖွဲ့မှ ကွင်းဆင်းစစ်တမ်းကောက်ယူမှုအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံကိန်းအကြောင်း သိရှိသူ (၈၇%) ခန့်ရှိပြီး စီမံကိန်းဒေသများတွင် စီမံကိန်းအပေါ် ပြည်သူ၏စိတ်ကျေနပ်မှုမှာ (၉၅%) ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ဤမျှဆိုလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် သက်တမ်းအားဖြင့် နုနယ်သေးသည့်တိုင် အောင်မြင်မှုကို ခြေကုပ်စယူနိုင်သည့် အနေ အထားတွင်ရှိနေပြီဖြစ်ကြောင်း မျက်စိဖွင့်နားစွင့်ကြည့်ရုံဖြင့် သိနိုင်ပါသည်။ စစ်တမ်းများ အရ စီမံကိန်းအကြောင်း မသိရှိသေးဟုဆိုသည့် (၁၃%) သော ပြည်သူများအတွက် စီမံကိန်း ကောက်ကြောင်း တစ်စိတ်တစ်ဒေသကို တင်ပြပါဦးမည်။

အစိုးရသစ်လက်ထက် (၂၀၁၃) ခုနှစ် ဩဂုတ်လ (၉) ရက်နေ့တွင် မွေးမြူရေးနှင့် ရေ လုပ်ငန်းဝန်ကြီးဌာနကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် တိုးချဲ့ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပင်မ ဆက်သွယ်ရာဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် (၂) ရက်အကြာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းကြရာ ခိုင်မာ ပြည့်စုံသည့် မူဘောင်တစ်ခု ရေးဆွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ထို့ကြောင့် ပြည်တွင်း/ ပြည်ပပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs, INGOs)၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ (DPs) ဖြင့် (၇) ကြိမ် တိုင်တိုင်ဆွေးနွေးပြီး (၁၈-၁၁-၂၀၁၃) ရက်နေ့တွင် အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ရေးဆွဲ အတည်ပြုခဲ့သည်။ ဗျူဟာ (၅) ရပ်၊ ကဏ္ဍကြီး (၆) ခုပါရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ကို စီမံကိန်းအဖြစ် ရေးဆွဲကာ (၂၀၁၄) ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်းကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရှင်များဖြင့် စတင် ရေးဆွဲခဲ့ပြီး မတ်လ၌ အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိကာ လွှတ်တော်မှ ဘတ်ဂျက် ခွင့်ပြု ချက်ရရှိခဲ့သည့်အတွက် ဧပြီလတွင် သင်တန်းများပေး၍ စီမံကိန်းစတင်ခဲ့သည်။ စတင်ချိန်၌ စီမံကိန်းလက်စွဲစာစောင်ကို ပြုစုဆဲဖြစ်သည့်အတွက် ရန်ပုံငွေပေးချေရာတွင် ငွေသားဖြင့် တိုက်ရိုက်လွှဲပြောင်းပေးခဲ့သည်များ အနည်းအကျဉ်း ရှိခဲ့သော်လည်း လက်စွဲစာစောင် ထွက်ရှိ ပြီးနောက်ပိုင်းတွင် ရန်ပုံငွေလွှဲပြောင်းမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) မှတစ်ဆင့် မြို့နယ်ကျေးလက်ဦးစီး မြစိမ်းရောင် စီမံကိန်း ငွေစာရင်း၊ ယင်းမှ ကျေးရွာကော်မတီငွေစာရင်းသို့ စနစ်တကျလွှဲပြောင်းပေးခြင်း ပြုလုပ်ခဲ့သည်။

စီမံကိန်းနယ်မြေရွေးချယ်ရာတွင် နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး၊ ဘက်လိုက်မှု၊ အဂတိ လိုက်စားမှုတို့ ကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျေးရွာအချိုးအတိုင်း ခွဲဝေ ပေးခြင်းဖြစ်ပြီး မြို့နယ်တိုင်း၌ ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်းကျေးရွာရွေးချယ်ရာတွင် ဆင်းရဲချို့တဲ့သော ကျေးရွာဖြစ်ခြင်း၊ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အလား အလာရှိခြင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်း၊ ရွာသူရွာသားများ စိတ်အားထက်သန်မှုရှိခြင်းနှင့် နယ်မြေလုံခြုံအေးချမ်းမှုရှိခြင်းစသော စံနှုန်းများချမှတ်၍ စနစ်တကျ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ရွေးချယ်ရာတွင်လည်း ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီများမှ ကျေးရွာရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးပွဲကျင်းပ၍ ရွေးချယ်ခြင်းဖြစ်ပြီး ပြည်သူ့ဘဏ္ဍာကို ပြည်သူကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့် စွမ်းရည် ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်တွင် ယူနစ်အရ ကျေးရွာပေါင်း (၁၄၅၀)တွင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သော်လည်း အချို့ယူနစ်များမှာ နီးစပ်ရာကျေးရွာချင်း ပေါင်းစပ်ဆောင်ရွက်သည့်အတွက် အကျိုးပြု ကျေးရွာများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် ကျေးရွာပေါင်း (၁၆၃၄) ရွာ အကျိုးပြုပေးနိုင်ခဲ့ပြီး ယခု (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထား ကျေးရွာပေါင်း (၃၀၀၀) ခန့်လျာထားခြင်းဖြစ် သော်လည်း အကျိုးပြုကျေးရွာပေါင်းမှာ လက်ရှိတွင်ပင် (၃၅၃၀) ခန့်ရှိသည့်အတွက် စီမံကိန်း နှစ်နှစ်တာကာလတွင် ကျေးရွာယူနစ် (၄၄၅၀) တွင် ကျေးရွာပေါင်း (၅၁၆၄) ရွာ ရှိမည် ဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေးသည့် နည်းလမ်းဖြင့် နိုင်ငံတော်ရန်ပုံငွေမှ ကျေးရွာ(၁)ရွာလျှင် ကျပ်သိန်း (၃၀၀) နှုန်း ကျေးရွာပိုင်၊ အများပိုင်ရန်ပုံငွေအဖြစ် မတည်ပေးခြင်းဖြစ်ရာ အများသဘောတူ ရွေးချယ်ထားသည့် ကျေးရွာကော်မတီမှ စီမံခန့်ခွဲပြီး ကျေးရွာလူထုသို့ သက်သာသော အတိုးနှုန်း တစ်လလျှင် (၅၀ပြား) မှ (၁ကျပ် ၅၀ပြား) နှုန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ချေးပေးခြင်းဖြစ်သည်။ ရရှိလာသောအတိုးငွေများကို ကျေးရွာပိုင်ငွေအဖြစ်

သတ်မှတ်ကာ ကျေးရွာလူထုအား ထပ်မံထုတ်ချေးခြင်း (သို့မဟုတ်) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာသဘောတူညီချက်ဖြင့် သုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်၊ စက်တင်ဘာလအထိ အတိုးရငွေစုစုပေါင်းမှာ (၂၉၀၅.၄၂၈) သန်းဖြစ်ပြီး ချေးငွေလည်ပတ်မှု အခြေအနေမှာ စိုက်ပျိုးရေးတွင် ၅၃.၄၂%၊ မွေးမြူရေးတွင် ၃၁.၉၅%၊ ရေလုပ်ငန်းတွင် ၁.၉၂%၊ မီးလင်းရေးလုပ်ငန်းတွင် ၀.၄၂%၊ ကျေးရွာကုန်ထုတ်လုပ်ငန်း များတွင် ၂.၀၃%၊ အသေးစားရောင်း၀ယ်ရေးလုပ်ငန်းတွင် ၇.၈၁%၊ အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင် ၃.၄၃% စသည်ဖြင့် ကျပ်သန်းပေါင်း (၁၀၃၈၄၇.၀၉) ခန့် ခွဲဝေသုံးစွဲခဲ့ပြီး အိမ်ထောင်စုပေါင်း (၄၂၃၅၁၇) ကို အကျိုးပြုပေးနိုင်ခဲ့သည်။ ဒုတိယ စက်ဝန်းအတွက် ချေးငွေစိစစ်ဆဲကာလဖြစ်၍ ငွေသားနှင့် ဘဏ်လက်ကျန်အဖြစ် ကျပ် (၂၀၄၄၄.၃၅၁) သန်းရှိနေပါသည်။

Social Policy and Poverty Research Group မှ ကောက်ယူခဲ့သော ထိခိုက် လွယ်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စစ်တမ်းအရ ကျေးလက်နေအိမ်ထောင်စု (၇၅%) သည် မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် အတွက် အတိုးမဲ့ (သို့မဟုတ်) အတိုးနှုန်းသက်သာသော ချေးငွေများ လိုအပ်လျက် ရှိသည်ကို ဖော်ထုတ်ရရှိသည့်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များစွာကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသော စီမံကိန်းဖြစ်သည့် အပြင် စီမံကိန်းကြောင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွား အခွင့်အလမ်းများ ပွင့်လန်းလာသည့်အတွက် အခြားကျေးရွာများမှလည်း စီမံကိန်းချထားပေးရန် တောင်းဆိုမှုများရှိနေကြောင်း သိရှိခဲ့ရသည်။ အစုအဖွဲ့တစ်ခု ဂုဏ်ရှိန်မြင့်မားရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းမျိုး မဟုတ်သကဲ့သို့ နိုင်ငံရေးအရ၊ ပုဂ္ဂိုလ်ရေးအရ စီမံဆောင်ရွက် နေသည့် စီမံကိန်းတစ်ခုလည်းမဟုတ်ပါချေ။

မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် လည်ပတ်ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်ငွေကြေး တစ်ရပ်ဖြစ်ခြင်း၊ ရန်ပုံငွေကို ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲနိုင်ခြင်း၊ အတိုးနှုန်း သတ်မှတ် နိုင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အများသဘောတူညီချက်ဖြင့် သုံးစွဲနိုင်ခြင်း၊ ဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှုကို လျော့ချလာနိုင်ခြင်း၊ ကျေးရွာအဆင့်တွင် ဒီမိုကရေစီ နည်းလမ်းကျကျဆောင်ရွက်နိုင်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရခြင်း၊ ကျား/မ တန်းတူညီမျှ ပါဝင်သော အလေ့အကျင့် ပျိုးထောင်ပေးခြင်း၊ ကျေးရွာ လူထုနှင့် ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်တတ်သော အလေ့အကျင့်များ ဖော်ဆောင် ပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းစသည့် အားသာချက်များစွာရရှိစေသော စီမံကိန်း ဖြစ်ခြင်းကြောင့် နှစ်နှစ်တာကာလအတွင်း အားပြင်းသည့် မြားတစ်စင်းအသွင်ဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။